မြန်မာနိုင်ငံကြက်ခြေနီအသင်း

# အလုပ်လျှောက်လွှာခေါ်ယူခြင်း

| | | |
|---|---|---|
| **ရာထူးအမည်** | : | **လုံခြုံရေး** |
| အရေအတွက် | : | ( ၂ ) ဦး |
| အစီရင်ခံတင်ပြမှု | : | စီမံချက်အရာရှိ |
| ဌာန | : | ကျန်းမာရေးဌာန |
| စီမံကိန်း | : | ရပ်ရွာလူထု ကျန်းမာပြီး ကြံ့ကြံ့ခံနိုင်သော ကျေးရွာများတည်ဆောက်ခြင်း |
| တာဝန်ကျရာနေရာ | : | သီပေါနှင့်ကျိုင်းတုံ |
| Grade | : | A2 |
| အကျိုးခံစားခွင့်များ | : | လစာ + ကိုယ်ခန္ဓာထိခိုက်မှုနှင့်ရောဂါဘယအာမခံ + လုပ်ငန်းတွင်း သင်တန်းများ + ခရီးသွားစရိတ် + ရှောင်တခင်ခွင့်+ ကူးစက်ရောဂါ ကာကွယ်ခွင့် + လုပ်သက်ခွင့် + ဆေးလက်မှတ်ခံစားခွင့်+ မီးဖွား ခွင့် + အစားထိုးခံစားခွင့် |
| **လျှောက်လွှာပိတ်ရက်** | : | **၅.၅.၂၀၂၁၊ (၁၆:၃၀)နာရီ** |

**ရပ်ရွာလူထု ကျန်းမာပြီး ကြံ့ကြံ့ခံနိုင်သော ကျေးရွာများတည်ဆောက်ခြင်း စီမံကိန်း** ၏ ရည်ရွယ်ချက်မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ မြို့နယ်ရှိ စီမံချက် ကျေးရွာများရှိ ထိခိုက်နိုင်ခြေရှိသည့် ပြည်သူလူထုမှ ကျန်းမာရေးအသိပညာများ ပိုမိုတိုးတက် မြင့်မားလာသော ကျေးရွာများဖြစ်ပေါ်စေရန် ရည်ရွယ်ပါသည်။ ကျေးရွာလူထုကိုယ်တိုင် ကျေးရွာ၏ အဓိက ကျန်းမာရေးပြဿနာများကို ကိုယ်တိုင်ဖော်ထုတ်နိုင်ပြီး ကျန်းမာရေးဝန်ဆောင်မှုများရရှိအောင် ၎င်းတို့ကိုယ်တိုင် ချိတ်ဆက် စီမံဆောင်ရွက်နိုင်ရန် လိုအပ်သောနည်းပညာများပံ့ပိုးပေးရန်ဖြစ်ပါသည်။ ရပ်ရွာလူထု ကျန်းမာပြီး ကြံ့ကြံ့ခံနိုင်သော ကျေးရွာများတည်ဆောက်နိုင်ရေးအတွက် ကျေးရွာများရှိ ကျေးရွာကော်မတီများ၊ လူငယ်အဖွဲ့အစည်းများ၊ မိခင်များအဖွဲ့များ၊ ကျေးရွာစေတနာ့လုပ်အားရှင်များ၊ မြို့နယ်ကြက်ခြေနီစေတနာ့လုပ်အားရှင်များအား စွမ်းဆောင်ရည်မြှင့် သင်တန်းများပေးခြင်းနှင့် မြို့နယ် ကြက်ခြေနီအသင်းခွဲများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများပါဝင်ပါသည်။

**လုံခြုံရေးဝန်ထမ်းသည်** မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အခြေခံမူများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ သီပေါမြို့နယ်နှင့် ကျိုင်းတုံမြို့နယ် ကြက်ခြေနီရုံး အဆောက်အအုံများ၊ သိုလှောင်ရုံများ၊ မော်တော်ယာဥ်များ၏ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်လုံခြုံရေးကို စောင့်ကြပ်ပေးရန် ဖြစ်ပါသည်။

**တာဝန်နှင့်ဝတ္တရားများ**

( ၁ ) စီမံချက်အဆောက်အဦးအတွင်း၊ အပြင်၏ ညပိုင်းလုံခြုံရေးအားကြပ်မတ်ကာ လုံခြုံရေးတာဝန် ထမ်းဆောင် ရမည်။ လုပ်ငန်းတာဝန်ချိန်သည် ညစဉ် ည ၆နာရီမှ မနက် ၈ နာရီအထိ - (ပိတ်ရက်မရှိ) ဖြစ်ပြီး ညတိုင်း တာဝန်ချိန် အတိအကျ ရောက်ရှိဆောင်ရွက်ရမည်။

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"

(၂) တာဝန်ချိန်အတွင်း ရုံးအဆောက်အဦးအား စစ်ဆေးကြပ်မတ်၍ မှတ်တမ်းတင်ထားပြီး မိမိအား တိုက်ရိုက် ကြီးကြပ်သူထံ တင်ပြရမည်။ လှည့်ပတ်စစ်ဆေးကြီးကြပ်မှုအား ၂နာရီ တစ်ကြိမ်နှင့် လိုအပ်လျှင်လိုအပ်သလို ပြုလုပ်ပြီး မှတ်တမ်းတင်ထားရမည်။

(၃) မိမိတာဝန်ကျသည့် အဆောက်အဦး၏အတွင်း၊ အပြင် လုံခြုံရေးအတွက် ညတာဝန်ကျချိန်တွင် ရုံးတံခါးများ၊ ပြတင်းပေါက်များ၊ ခြံဝင်းတံခါးများ၊ ရုံး၏ လေးဖက်လေးတန် အုတ်တံတိုင်းများအား ကြပ်မတ်စစ်ဆေးရမည်။

(၄) မိမိတာဝန်ကျ ရုံးအဆောက်အဦး ပတ်ဝန်းကျင်၏ အနေအထားများကိုလည်း ကျွမ်းကျင်နှံ့စပ်စွာတာဝန်ချိန် အတွင်း အမြဲမပြတ်လေ့လာ သိရှိရမည်။

(၅) စီမံချက်ရုံးပတ်ဝန်းကျင်နှင့် ရုံးဝင်းအတွင်း တစ်စုံတစ်ရာ မသင်္ကာဖွယ်ရာ တွေ့ရှိပါက မိမိအား တိုက်ရိုက် ကြီးကြပ်သူထံသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ရမည်။

(၆) မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်အတွက် ရုံးနှင့်ရုံးဝန်းအတွင်း မီးပလပ်ပေါက်များ၊ မီးကြိုးများ၊ မီးစက်နှင့် မီးသတ်ဆေးဗူးများအား ပုံမှန်စစ်ဆေးရမည်။ လောင်စာဆီများနှင့် မီးလောင်လွယ်သော ပစ္စည်းများအား အထူးဂရုပြု ထိန်းသိမ်းထားရမည်။ အသုံးပြုမည့် မီးဘေးအန္တရာယ် ကာကွယ်ရေးပစ္စည်းများကိုလည်း အမြဲမပြတ် စစ်ဆေး အသုံးပြုတတ်ရမည်။

(၇) မိမိတာဝန်ကျသည့်ရုံးအဆောက်အဦ၏ လုံခြုံရေးအတွက် ရုံးနှင့်ပတ်သက်သည့် သတင်းအချက် အလက်များ လုံခြုံမှုရှိရမည်။ တိုက်ရိုက်ကြီးကြပ်သူများနှင့် စီမံချက်ဝန်ထမ်းများ မှတပါး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လုံးဝ ပြောကြားခြင်း မပြုအောင်ထိန်းသိမ်းရမည်။

(၈) ရုံးနှင့်ရုံးခြံဝန်းအတွင်းသို့ ဌာနနှင့် မသက်ဆိုင်သော ယာဥ်/ လူပုဂ္ဂိုလ်များ အကြောင်းမဲ့ ဝင်ရောက်မှုမရှိစေရေး တားမြစ်ရမည်။ ရုံးအကြီးအကဲ၏ ခွင့်ပြုချက်မရဘဲ မည်သည့် ယာဥ်၊ ပစ္စည်း ၊ လူ ကိုမှ လက်ခံခြင်း၊ ထားသိုခြင်း၊ သိမ်းဆည်းခြင်း မပြုလုပ်ရန် ကြီးကြပ်ရမည်။

(၉) တာဝန်ချိန်အတွင်း လုပ်ငန်းနှင့်ပတ်သက်သည့် ဖုန်းသတင်းများအား လာပါက မိမိအား တိုက်ရိုက်ကြီးကြပ်သူထံသို့ အချိန်နှင့်တပြေးညီ သတင်းပေးပို့ရမည်။

(၁၀) စီမံချက်ရုံးဝန်းအတွင်း သန့်ရှင်းရေးကိုလည်းတာဝန်ယူ ဆောင်ရွက်ရမည်။

(၁၁) တိုက်ရိုက်ကြီးကြပ်သူအပါအဝင် ကြီးကြပ်သူအဆင့်ဆင့်မှ အခါအားလျော်စွာ ပေးအပ်ညွှန်ကြားချက်များ ကိုလည်း အချိန်နှင့်တပြေးညီ တာဝန်ယူဆောင်ရွက်ရမည်။ ကြီးကြပ်သူများမှ လိုအပ်သလို ဖုန်း (သို့) Video Call ဖြင့် ရှောင်တခင်စစ်ဆေးကြီးကြပ်နိုင်ရန် ဆက်သွယ်ရမည့် ဖုန်းအား တာဝန်ချိန် အတွင်း အမြဲဖွင့်ထားပြီး စစ်ဆေးမှုကိုခံယူနိုင်ရမည်။

(၁၂) ရုံးခြံဝန်း အတွင်း/ အပြင် သန့်ရှင်းသာယာသပ်ရပ်နေစေရေးအတွက် တံမြတ်စည်းလှည်းခြင်း၊ သန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရမည်။

(၁၃) ကြီးကြပ်သူမှ အခါအားလျော်စွာပေးအပ်သော အခြားလုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်ရမည်။

**လိုအပ်သောအရည်အချင်းများ**

- **အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ဖူးသူ ဖြစ်ရမည်။**
- ရုံးနှင့်ဂိုဒေါင် ညစောင့် လုံခြုံရေးအတွေ့အကြုံ **အနည်းဆုံး (၁) နှစ် ရှိသူ** ဖြစ်ရမည်။

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"



Myanmar Red Cross Society

- ကျန်းမာသန်စွမ်းပြီးသွက်လက်နိုးကြားသူဖြစ်ရမည်။ နာခံတတ်သူ ဖြစ်ရမည်။
- ကြက်ခြေနီအခြေခံမူများနှင့်အညီ ဆောင်ရွက်နိုင်ရမည်။
- လူမှုဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
- လုံခြုံရေးအမြင်ရှိရမည်။
- ပြစ်မှုမှတ်တမ်းကင်းရှင်းပြီး ရိုးသားသောသူဖြစ်ရမည်။
- မော်တော်ဆိုင်ကယ်အား ကျွမ်းကျင်လုံခြုံစိတ်ချစွာမောင်းနှင်နိုင်သူ ဖြစ်ရမည်။ ယာဉ်မောင်းလိုင်စင် ရှိရမည်။
- မြန်မာဘာသာစကားနှင့် သတင်းပေးပို့နိုင်သူဖြစ်ရမည်။ ဒေသခံ ဘာသာစကားကျွမ်းကျင်သူကို ဦးစားပေးမည်။
- ကြက်ခြေနီစေတနာလုပ်အားရှင်များကိုဦးစားပေးရွေးချယ်မည်။

**စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ္တူ/ PDF Version ဖြင့် ပြည့်စုံစွာပေးပို့လျှောက်ထားမှသာလျှင် ထည့်သွင်းစဉ်းစားမည် ဖြစ်ပါသည်-**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရုံးချုပ်)**
**ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊**
**နေပြည်တော်။**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း(ရုံးခွဲ)**
**အမှတ်(၄၂)၊ ကမ်းနားလမ်း၊ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်။**

(သို့မဟုတ်) mrcshrrecruitment@redcross.org.mm သို့လိပ်မူကာပေးပို့ရမည်။
အသေးစိတ်အချက်အလက်များအားwww. redcross.org.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာအကြောင်းကြားမည်ဖြစ်ပါသည်။**

"Person with disability are encouraged to apply this post as they will be given equal opportunity"
"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"



Myanmar Red Cross Society